အင်းကြီးကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အင်းကြီးကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၂ခုနှစ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	
၃	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
၄	**စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	**ပညာရေး**	
၇	**ကျန်းမာရေး**	
၈	**ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	
၁၀	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် မှ ၂၀၂၅/၂၆ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အင်းကြီးကျေးရွာ
ရွာင်မြို့နယ်

အင်းကြီးကျေးရွာ သယံဇာတပြမြေပုံ



၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

အင်းကြီးကျေးရွာသည် ရွာငံမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သောကျေးရွာ ဖြစ်ပါသည်။ အင်းကြီးကျေးရွာသည်ရွာငံမြို့နှင့် (၉)မိုင်ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရေးလွယ်ကူပါသည်။ အနီးဝန်းကျင်တွင် ကျေးရွာများတည်ရှိပြီး ရွာ၏အနောက်ဘက်တွင် ရွှေဒေါင်းဥစေတီတော် တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အပူပိုင်းတွင်တည်ရှိပြီး ရာသီဥတုကောင်းမွန်ပါသည်။ သစ်တောများပြုန်းတီးမှု ကြောင့် ရာသီဥတုဖောက်ပြန်တတ်ပါသည်။ ဆေးဖက်ဝင်အသီးအပင်များနှင့် ဝဉ်များ၊ သစ်ခွပန်းမျိုးစုံ ရရှိနိုင်ပါသည်။

၃။ ဖွံ့ဖြိုးရေးစိမ်ခန့်ခွဲမှုအခြေအနေ

အင်းကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၂၁)စုနှင့် ကျား(၄၇၁)ဦး၊ မ (၄၈၄)ဦး စုစုပေါင်း လူဦးရေ(၉၅၇)ဦးရှိပါသည်။ ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ကြပြီး ဗမာ၊ ရှမ်း၊ ပအိုဝ်လူမျိုး အနည်းငယ်နေထိုင်ကြပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် (၈၀%)ရှိပြီး အမျိုးသားများနည်းတူ အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးနိုင်ပါက လူစွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့၊ ဘာသာရေးအဖွဲ့တို့ရှိကြပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး နာရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ကိုင်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းဖြစ်သော Pact Myanmar အဖွဲ့တို့မှ ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍအတွက် လိုအပ်သောချေးငွေများကို ထုတ်ချေးနိုင်ပါသည်။ အခြားပြင်ပအဖွဲ့အစည်းများဝင်ရောက်မှုရှိပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အင်းကြီးကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၅၀)ဧက၊ ယာမြေ(၃၅၀)ဧက၊ မြေလွတ်မြေလပ်(၁၅)ဧက စုစုပေါင်း(၄၁၅)ဧကရှိပါသည်။ (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ အိမ်ထောင်စု(၂၅)စု၊ (၂.၅-၅)ဧကကြား တောင်သူငယ်အိမ်ထောင်စု (၅၀)စု၊ (၅-၁၀)ဧကကြား တောင်သူလတ်အိမ်ထောင်စု (၂၀)စု၊ (၁၀-၁၂)ဧကအကြား တောင်သူကြီးအိမ်ထောင်စု (၁၀)စုရှိပါသည်။ အဓိကအားဖြင့် လိမ္မော်၊ လက်ဖက်၊ ကော်ဖီ၊ ခရမ်းချဉ်တို့ကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့်

ရာသီအလိုက်လုပ်ငန်းခွင်များတွင်လည်းကောင်း၊ အခြားမြို့များသို့သွားရောက်၍ ရရာအလုပ်များဝင်ရောက်လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟုဆိုနိုင်သော်လည်း စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာဖြစ်သည့်အလျောက် သီးနှံစျေးကွက်ပေါ်မူတည်နေပါသည်။ လိမ္မော်၊ လက်ဖက်၊ ကော်ဖီကို ဝမ်းစာအတွက် စိုက်ပျိုးကြပြီး စျေးကွက်သို့ ရောင်းချနိုင်မှုမရှိခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ သီးနှံများပိုးမွှား ကျရောက်ခြင်းများ ရှိနေပါသည်။

သီးနှံအထွက်တိုးစေရန်အတွက် သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာများနှင့် ဓာတုပိုးသတ်ဆေးများကို ကူမဲမြို့နယ်တွင် သွားရောက်ဝယ်ယူနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှ တစ်ဆင့် ရောင်းချနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

အင်းကြီးကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စု(၁၀)စုရှိပြီး နွားကောင်ရေ (၃၀)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၃)စုရှိပြီး ကျွဲကောင်ရေ(၁၀)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၂၀)စုရှိပြီး ဝက်ကောင်ရေ(၂၅)ရှိပါသည်။ အများစုမှာ တနိုင်တပိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ပြီး နွားများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြပါသည်။

ကျေးရွာတွင်စားကျက်မြေ ပေါများသောကြောင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်ရန် အဆင်ပြေပါသည်။ နွားသောက်သုံးရေ အသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာများနှင့် ပတ်သတ်သည့် အတွေ့အကြုံအသိပညာများ အားနည်းကြပါသည်။

(ဂ) ငါးလုပ်ငန်း

အင်းကြီးကျေးရွာသည် သောက်သုံးရေသာလုံလောက်သည့်အတွက် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်မှုရှိပါသည်။ ကျပန်းလုပ်သားများ၊ နေ့စားအင်္ဂါလိုက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အခွင့်အလမ်းများအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ စျေးကွက်အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြခြင်း၊ စျေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အခွင့်အလမ်းများအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ စျေးကွက်အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြခြင်း၊ စျေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများ အများအပြားရှိပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်အခြားအဖွဲ့အစည်းများဖြစ်သော Pact Myanmar အဖွဲ့၊ သမဝါယမအသင်းစုတို့မှ ချေးငွေရယူကြပါသည်။ ၎င်းတို့မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူပြီး

သတ်မှတ်သောအချိန်တွင် ပြန်လည်ပေးဆပ်ကြပါသည်။ ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော် ဆိုင်ကယ်နှင့် ကား၊ ထော်လာဂျီများ အဓိကထားအသုံးပြုကြပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်းလျင်မြန်လာပါသည်။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရခက်ခဲပါသည်။ မြေသားလမ်း၊ ကျောက်ခဲလမ်းဖြစ်၍ မိုးတွင်းကာလ၌ အနည်းငယ်ခက်ခဲပါသည်။ ငါးရက်တစ်ဈေးရှိပြီး ဒေသထွက်ကုန်များ စားသောက်ကုန်များရောင်းဝယ်ကြပါသည်။ ကျေးရွာအတွင်းမှ ဈေးကို အမှီပြု၍ ရောင်းချအသက်မွေးသူများလည်း ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးကို **အသုံးပြုကြပါသည်။ တစ်ချို့မှာ လျှပ်စစ်မီးခါတ်အား သွယ်တန်းနိုင်ခြင်းမရှိပါသဖြင့် ဆိုလာမီးအားအသုံးပြုကြပါသည်။**

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၅၀၀)လုံး၊ ရေဒီယို(၃၀)လုံး၊ တီဗွီ(၂၅)လုံးတို့မှရရှိနိုင်ပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေး **အဆင်ပြေပါသည်။**

၆။ ပညာရေး

ကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ)တွင် ပညာကို သင်ကြားနိုင်ပြီး အ.ထက အင်းကြီး၌ သွားရောက်သင်ကြားရပါသည်။ ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာတတ်မြောက်ကြပါသည်။ ယခုအခါ အထက်တန်း၊ တက္ကသိုလ်ပညာတတ်မြောက်သူများလည်းရှိပါသည်၊ ကျောင်းသား/သူများ ပညာရေးကို စိတ်ဝင်စားရန်အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ၊ အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

အင်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ရှိပါသည်။ ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမ (၁)ဦးနှင့် ကြီးကြပ်(၁)ဦးရှိပြီး ကျန်းမာရေးဝန်ဆောင်မှုကိုရရှိနိုင်ပါသည်။ ရွာသူ/သားများသည် ကြီးမားသောရောဂါဖြစ်ပွားပါက ရွာငံပြည်သူ့ဆေးရုံသို့ သွားရောက်ရပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သတ်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်နေပါသည်။

ကျေးရွာတွင်သောက်သုံးရေအတွက် မိုးရေလှောင်ကန်များနှင့် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနနှင့် ယူနီဆက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးထားသည့် ကျောက်ကူတိရွာမှ (၂၀၀၇)ခုနှစ်တွင် ရေပိုက်များ သွယ်တန်းရရှိထားပါသည်။

အင်းကြီးကျေးရွာတွင် ကျေးရွာလုံးကျွတ်ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ကျန်းမာရေးနှင့် ပတ်သတ်သည့် ဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကြီးမားစွာကျရောက်မှုမရှိပါ။ ကျရောက်ခဲ့ပါကလည်း ကြိုတင်ကာကွယ်ရန် နည်းလမ်းများစီစဉ်ထားမှုမရှိပါ။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေမှာ တန်းတူညီမျှရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်နိုင်မှုရှိလာပါသည်။ သာရေး၊ နာရေးများတွင်လည်း ပါဝင်မှုရှိလာသည်။ ကျား၊ မတန်းတူညီမျှရေးအတွက် အသိပညာပေး ဟောပြောမှုများလည်း လိုအပ်လျက်ရှိပါသည်။

၁၀။ အင်းကြီးကျေးရွာတွင်ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - သိမ်ကုန်းကျေးရွာအုပ်စု **ကျေးရွာအမည်-အင်းကြီးကျေးရွာ**

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ပညာရေး	ကျောင်းပြင်ပ ပညာရေး	ကျောင်းအုတ်တံတိုင်းကာရံခြင်း	
၂။	ငွေကြေး	ရပ်ရွာအခြေပြုငွေကြေးဝန်ဆောင်မှု	အတိုးနှုန်းသက်သာသော ချေးငွေရရှိရန်	
၃။	ကျန်းမာရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ ကျေးလက်အခြေပြု လူထုအခြေပြု ကျန်းမာရေးဝန်ဆောင်မှု	ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ရန်	
၄။	ဈေး	အဆောက်အဦး	အခြေခံအဆင့်	

အင်းကြီးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၁)

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးဇော်ထွန်း	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၂၉၂၁၁	09-250488673	
၂။	ဒေါ်နုနုခိုင်	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၃၄၀၆၇	09-451774717	
၃။	ဦးဇော်မြင့်	ဝယ်/ဆပ်ကော်မတီဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၄၀၄၄	09-453863713	
၄။	ဦးခင်မောင်ချို	ဝယ်/ဆပ်ကော်မတီဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၁၆၂၆၇	09-452509932	
၅။	ဒေါ်ဖြူဖြူစင်	ဝယ်/ဆပ်ကော်မတီစာရင်းကိုင်	၁၃/ရငန(နိုင်)၀၄၅၃၃၁	09-458723405	
၆။	ဦးဇော်မိုးမြင့်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၆၃၄၇၈	09-440955125	
၇။	ဒေါ်သဇင်ထွေး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၆၁၉၄၈	09-452894597	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေခြဲဇယား (အင်းကြီးကျေးရွာ) နောက်ဆက်တွဲ (၃)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေဟောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း	အရင်းအနှီး လုံလောက်စွာ မရှိခြင်း			သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	အတိုးနှုန်းသက်သာသော ချေးငွေရရှိရန်
၂။	ကျန်းမာရေးဆိုင်ရာ သက်ဆိုင်သော အသိပညာများ မရရှိခြင်း	ကျန်းမာရေး အသိပညာ အားနည်းခြင်း			ကျန်းမာရေး ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ရန်
၃။	ရေမလုံလောက်ခြင်း	သံပိုက်မရှိခြင်း			ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အကြံဉာဏ်ယူပြီး ဆောင်ရွက်မည်	သံပိုက်အစားထိုး တပ်ဆင်ခြင်း
၄။	စျေးအဂ်ါရပ်မညီညွတ်ခြင်း	အဆောက်အဦ မပြည့်စုံခြင်း			ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အကြံဉာဏ်ယူပြီး ဆောင်ရွက်မည်	
၅။	ကျေးရွာကုန်ထုတ်လမ်း ရွာမလမ်းပြန်မရှိခြင်း တံတားများလိုအပ်ခြင်း	မိုးရာသီ ရေဝပ်လမ်းပျက်စီး			ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အကြံဉာဏ်ယူပြီး ဆောင်ရွက်မည်	ပြန်/တံတားများ တပ်ဆင်ခြင်း

အင်းကြီးကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက် နောက်ဆက်တွဲ(၄)

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁။	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၁	✓				
၂။	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၂		✓			
၃။	ဈေးအဆင့်မြှင့်တင်ခြင်း	၃			✓		
၄။	အတိုးနှုန်းသက်သာသောချေးငွေများရရှိရန်	၄				✓	
၅။	ကျန်းမာရေးဟောပြောပွဲများရရှိရန်	၅					✓